## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၉၉၈/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက် )

### လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများအရ သတ်မှတ်ဖော်ပြထားသည့်ပုံစံများနှင့် အခကြေးငွေများ သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၁၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများအရ မှတ်ပုံတင်အရာရှိထံ တင်သွင်းရန်နှင့် လျှောက်ထားရန် လိုအပ်သော ပူးတွဲပါ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဖြင့် လျှောက်ထားရမည့် ပုံစံများကို လည်းကောင်း၊ ယင်းပုံစံများ တင်သွင်းရာတွင် ပေးသွင်းရမည့် မှတ်ပုံတင်အရာရှိက သတ်မှတ်ထားသည့် နောက်ဆက်တွဲဇယားပါ အခကြေးငွေများကိုလည်းကောင်း ထုတ်ပြန်လိုက်သည်။

၂။ အခကြေးငွေများ ပေးသွင်းရာတွင် မှတ်ပုံတင်အရာရှိက ညွှန်ကြားသည့် နည်းလမ်း အတိုင်း ပေးသွင်းရမည်။

( သာဌေး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၄၂၉ / ပတခ (၁၅၃၆/၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ

မှတ်ပုံတင်အရာရှိ (ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ<br>ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရုံးလက်ခံ/မျှောစာတွဲ

ပူးတွဲ

## အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်ဖြင့် လျှောက်ထားရမည့်ပုံစံများ

| | |
|---|---|
| ပုံစံ တ-၀၁ | လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် လျှောက်ထားလွှာ။ |
| ပုံစံ တ-၀၂ | လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အချက်အလက်များ ပြောင်းလဲခြင်း အကြောင်းကြားစာ။ |
| ပုံစံ-တ ၀၃ | လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ပျက်ပြယ်ကြောင်း အကြောင်းကြားစာ။ |
| ပုံစံ တ-၀၄ | လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ မှတ်ပုံတင်လက်မှတ် နှစ်စဉ်သက်တမ်းတိုး လျှောက်ထားခြင်း။ |
| ပုံစံ တ-၀၅ | ဆိုင်းငံ့ကာလအတွင်း လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်း။ |
| ပုံစံ တ-၀၆ | လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည် ဖြည့်စွက်ရန် လျှောက်ထားခြင်း။ |
| ပုံစံ တ-၀၇ | ကောင်စီ သို့မဟုတ်  စည်းကမ်းထိန်းသိမ်းရေးကော်မတီက စည်းကမ်းများ သို့မဟုတ် ကန့်သတ်ချက်များ  ချမှတ်ထားကြောင်း အကြောင်းကြားစာ။ |
| ပုံစံ တ-၀၈ | လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူနှင့်စပ်လျဉ်းသည့် တရားရုံးအမိန့် အကြောင်းကြားစာ။ |
| ပုံစံ တ-၀၉ | ကောင်စီစည်းကမ်းထိန်းသိမ်းရေးကော်မတီက ချမှတ်ထားသည့် စည်းကမ်းချက်များအပေါ် ဆောင်ရွက်ခြင်းမပြုရန် ကောင်စီက မှတ်ပုံတင်အရာရှိကို တားမြစ်သည့် အကြောင်းကြားစာ။ |
| ပုံစံ တ-၁၀ | ကောင်စီ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက တင်ပြသည့် အမှား ပြင်ဆင်ချက်ဆိုင်ရာ အကြောင်းကြားစာ။ |
| ပုံစံ ဗ-၀၁ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်မှု အကြောင်းကြားစာ။ |
| ပုံစံ ဗ-၀၉ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အပြီးသတ်စာရင်း။ |

**နောက်ဆက်တွဲဇယား**

# အခကြေးငွေ

| စဉ် | အခကြေးငွေဆိုင်ရာ အကြောင်းအရာ | တင်ပြသည့် သို့မဟုတ် ပေးပို့တင်ပြသည့် အမျိုးအစား | အခကြေးငွေ (ကျပ်) |
| --- | --- | --- | --- |
| ၁။ | လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ မှတ်ပုံတင်စာရင်း | (က) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင် လက်မှတ် လျှောက်ထားခြင်း (ပုံစံ တ-၀၁)၊ | ၂၀၀,၀၀၀ |
| | | ( ခ) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အချက်အလက်များ ပြောင်းလဲခြင်း အကြောင်းကြားစာ (ပုံစံ တ-၀၂)၊ | ၁၀,၀၀၀ |
| | | ( ဂ) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ မှတ်ပုံတင် လက်မှတ် နှစ်စဉ်သက်တမ်းတိုး လျှောက်ထားခြင်း (ပုံစံ တ-၀၄)၊ | ၅၀,၀၀၀ |
| | | (ဃ) ဆိုင်းငံ့ကာလအတွင်း လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်း (ပုံစံ တ-၀၅)၊ | ၁၀၀,၀၀၀ |
| | | ( င) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖြည့်စွက်ရန် လျှောက်ထားခြင်း။ (ပုံစံ တ-၀၆) | ၁၅၀,၀၀၀ |